+ ၂၀၁၆ ခုနှစ်
ဖေဖော်ဝါရီလ ၂၄ ရက်

## တရားမပြင်ဆင်မှု

### ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးမြသိမ်းရှေ့တွင်

**ဦးဝင်းအောင်သန်း**

**နှင့်**

**ဒေါ်ချိုချိုသန်း ပါ ၂ ***

**ကော်မရှင်နာသည် ပစ္စည်းစာရင်းကောက်ယူရာတွင် စာရွက်စာတမ်းများ သက်သေခံအဖြစ်တင်ပြခြင်းအပေါ် အငြင်းပွားမှုရှိပါက အဆုံးအဖြတ်ပြုရန် တရားရုံးသို့ တင်ပြရမည်ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ ကော်မရှင်နာသည် ပစ္စည်းစာရင်းကောက်ယူရာ၌ စာရွက်စာတမ်းများသက်သေခံအဖြစ် တင်ပြခြင်းအပေါ် အငြင်းပွားမှုမရှိလျှင် တရားရုံးသို့တင်ပြရန် လိုအပ်ခြင်းမရှိသော်လည်း အငြင်းပွားမှုရှိပါက အဆုံးအဖြတ်ပြုရန် တရားရုံးသို့တင်ပြရမည်ဖြစ်သည်။ ထိုသို့မတင်ပြဘဲ သက်သေခံ-က အဖြစ် လက်ခံခဲ့ခြင်းသည် လုပ်ပိုင်ခွင့်မရှိဘဲ ဆောင်ရွက်ခြင်းဖြစ်သည်ဟု တရားလွှတ်တော်၏ သုံးသပ်ချက်သည် မှားယွင်းသည်ဟု မဆိုနိုင်ပေ။

---

* ၂၀၁၅ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၃၃၇

+ ၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၁ တွင်ချမှတ်ခဲ့သော ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၇ ရက်စွဲပါ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ အမိန့်အပေါ် ပြင်ဆင်မှု။

**ထပ်မံဆုံးဖြတ်ချက်။** ။ ကော်မရှင်နာရှေ့တွင် သက်သေခံအဖြစ် တင်သွင်းရန် အငြင်းပွားနေသောစာချုပ်အတွက် တရားရုံးသို့တင်ပြရန် ဖြစ်လျက် တင်ပြခြင်းမပြုဘဲ ကော်မရှင်နာမှ သက်သေခံ-က အဖြစ် လက်ခံခဲ့ခြင်းကြောင့် တရားပြိုင်ကတရားရုံးသို့ ထိုကိစ္စကိုတင်ပြခဲ့သည်။ ထိုသို့တင်ပြ၍ တရားရုံးက ၃၀-၃-၂၀၁၅ နေ့တွင် နှစ်ဖက်ကြားနာပြီး အမိန့်ချခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်ရာ ကော်မရှင်နာရှေ့ အငြင်းပွားမှုသည် တရားရုံးရှေ့ ရောက်ရှိတင်ပြပြီးဖြစ်၍ တရားရုံးသည် ထိုစာချုပ်နှင့်စပ်လျဉ်း၍ သက်သေခံအဖြစ် လက်ခံသင့် မသင့် စိစစ်အမိန့်ချရမည်ဖြစ်သည်။

လျှောက်ထားသူအတွက် - ဦးအောင်သစ်
တရားလွှတ်တော်ရှေ့နေ

လျှောက်ထားခံရသူများအတွက် - ဦးဝင်းအောင်နိုင်
တရားလွှတ်တော်ရှေ့နေ

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၁ တွင် ဦးဝင်းအောင်သန်း က ဒေါ်ချိုချိုသန်း ပါ ၂ ဦးအပေါ် အမွေပုံစီမံခန့်ခွဲပေးစေလိုမှုစွဲဆိုရာ အမွေပုံ၏ ၃ ပုံ ၁ ပုံရထိုက်ကြောင်း ပဏာမဒီကရီချမှတ်ပြီး ပစ္စည်းစာရင်းကောက်ယူရန် ကော်မရှင်နာခန့်အပ်ဆောင်ရွက်စေခဲ့သည်။ ကော်မရှင်နာက တရားလိုအားစစ်ဆေးနေစဉ် ၁၉-၈-၂၀၁၂ ရက်စွဲပါ စာချုပ်ကို သက်သေခံ-က အဖြစ်လက်ခံသဖြင့် အမှုစစ်တရားသူကြီးထံ တင်ပြလျှောက်ထားရာ အဆိုပါစာချုပ်ကို သက်သေခံအဖြစ် လက်ခံထားခြင်းကို ပယ်ဖျက်သည့် အမိန့်ချမှတ်ခဲ့သဖြင့် အဆိုပါအမိန့်ကို ဦးဝင်းအောင်သန်း

က ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဤပြင်ဆင်မှုကို တင်သွင်းခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က ကော်မရှင်နာသည် အမွေပစ္စည်းများ မည်မျှကျန်ရစ်သည်ကို စာရင်းကောက်ယူရန်နှင့် မည်သို့ခွဲဝေသင့်သည်ကို ရုံးသို့တင်ပြရန်ဖြစ်ကြောင်း၊ သက်သေခံချက်များ ရယူခြင်းနှင့် ပြဿနာများဆုံးဖြတ်ရန် အလို့ငှာ တရားရုံးသည် တရားစီရင်ရေးအာဏာများကို ကော်မရှင်နာအားမလွှဲအပ်နိုင်ကြောင်း၊ တရားလိုတင်ပြသော ၁၉. ၈. ၂၀၁၂ ရက်စွဲပါကတိစာချုပ်သည် တန်ဖိုးငွေတစ်ရာကျော်သော မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို ခွဲခြမ်းစိတ်ဖြာသည့်စာချုပ်ဖြစ်၍ မလွဲမသွေမှတ်ပုံတင်ရမည်ဖြစ်ရာ မှတ်ပုံမတင်ထား၍ သက်သေခံအဖြစ် လက်ခံခွင့်မရှိကြောင်း၊ စာချုပ်စာတမ်းနှင့်ပတ်သက်၍ သက်သေခံအဖြစ် လက်ခံသင့်မသင့် ပြဿနာပေါ်က အဆုံးအဖြတ်ပေးရန် တရားသူကြီးထံတင်ပို့ရမည်ဖြစ်လျက် ထိုစာချုပ်ကို ကော်မရှင်နာက သက်သေခံ-က အဖြစ် လက်ခံခြင်းသည် အခွင့်အာဏာမဲ့ဆောင်ရွက်ခြင်းဖြစ်ကြောင်း သုံးသပ်၍ ၁၉. ၈. ၂၀၁၂ ရက်စွဲပါ စာချုပ်ကို သက်သေခံ-က အဖြစ်မှပယ်ဖျက်ခဲ့သည်။

လျှောက်ထားသူ၏ရှေ့နေက ကော်မရှင်နာသည် တရားမကျင့်ထုံးဥပဒေအမိန့် ၂၆၊ နည်းဥပဒေ ၁၁ အရ ငွေစာရင်းများကို စစ်ဆေးရန် သို့မဟုတ် ရှင်းလင်းရန် သက်ဆိုင်ရာတရားရုံး၏ ကိုယ်စားဆောင်ရွက်ရန် ခန့်ထားခံရသူဖြစ်ကြောင်း၊ မည်သည့်ပစ္စည်းတွင် အမွေပစ္စည်းဟုတ် မဟုတ် သိရှိနိုင်ရန် လျှောက်ထားသူနှင့် လျှောက်ထား

ခံရသူများ တင်သွင်းသည့်စာရွက်စာတမ်းများကို စိစစ်လက်ခံခြင်းသည် အကျုံးဝင်နေကြောင်း၊ ကော်မရှင်နာသည် ငြင်းချက်များကို သုံးသပ်ဆုံးဖြတ်ခြင်းမဟုတ်ကြောင်း၊ ၁၉-၈-၂၀၁၂ ရက်စွဲပါ ပစ္စည်းများအညီအမျှခွဲဝေယူရန် သဘောတူကတိစာချုပ်သည် မှတ်ပုံတင်ရန်မလိုအပ်ကြောင်း၊ ကော်မရှင်နာက နှစ်ဘက်တင်ပြသည့် စာရွက်စာတမ်းကို သက်သေခံအဖြစ်လက်ခံခြင်းသည် အပြီးသတ် အတည်မဖြစ်ကြောင်း၊ ဆိုင်ရာရုံးသို့ အစီရင်ခံသည့်အခါ တရားရုံးက အတည်ပြု သင့် မသင့် အဆုံးအဖြတ်ပြုနိုင်ကြောင်း၊ ထိုအမိန့်ကို ပြင်ဆင်မှုတင်သွင်းခွင့်ရှိသည့်အပြင် အပြီးသတ်ဒီကရီကို အယူခံရာတွင် လည်း အယူခံအကြောင်းပြချက်အဖြစ် တင်သွင်းနိုင်ကြောင်း၊ အမွေပစ္စည်းစာရင်းကောက်ယူရာတွင် သက်သေခံ-က စာချုပ်တွင် ပစ္စည်း ၁၁ မျိုးဖော်ပြထားသည့်အနက် ၅ မျိုးကို အမွေပစ္စည်းအဖြစ် ချေလွှာတွင်ဝန်ခံထားပြီးဖြစ်ရာ အမွေပစ္စည်း စီမံခန့်ခွဲရေးနှင့် ဆက်စပ် နေကြောင်း၊ ကော်မရှင်နာသည် သက်သေခံတင်သွင်းရန် အကြောင်း ပေါ်တိုင်း တရားရုံး၏အဆုံးအဖြတ်ခံယူရသည်ဆိုလျှင် အမှုနှောင့်နှေး နိုင်ကြောင်း၊ စာရွက်စာတမ်းတစ်ခုကို သက်သေခံအက်ဥပဒေပုဒ်မ ၆၇ အရ သက်သေပြနိုင်ရန် သက်သေခံအဖြစ် လက်ခံသင့်ကြောင်း၊ သက်သေခံ-က နှင့်ဆက်စပ်သော စာရွက်စာတမ်းတင်ပြရန် အခက်အခဲဖြစ်စေကြောင်း လျှောက်ထားသည်။

လျှောက်ထားခံရသူများ၏ရှေ့နေက ပဏာမဒီကရီချမှတ် သည့်အဆင့်တွင် အဆိုပြုထားသောပစ္စည်းများအနက် အချို့သာလျှင် အမွေပုံပစ္စည်းဖြစ်သည်ဟု ချေပချက်အရ ပဏာမဒီကရီချမှတ်ပြီး

အမွေပစ္စည်းစာရင်း ကောက်ယူစေခဲ့ခြင်းဖြစ်ကြောင်း၊ ပစ္စည်းနှင့် စပ်လျဉ်း၍ မစိစစ်ဘဲ ကော်မရှင်နာခန့်အပ်ဆောင်ရွက်စေခဲ့ခြင်းကြောင့် ရှုပ်ထွေးမှုဖြစ်ပေါ်ရကြောင်း၊ အမွေရှင်ဦးစိုးသန်းတွင် ရရန်ပေးရန် ကြွေးမြီစာရင်းရှိသည်ဟု တင်ပြခြင်းမရှိ၍ ကော်မရှင်နာ ခန့်အပ်တာဝန်ပေးရန် အကြောင်းမရှိကြောင်း၊ ပစ္စည်းစာရင်းကောက်ယူခွဲဝေပေးရန် ကော်မရှင်နာ၏ တာဝန်မဟုတ်ကြောင်း၊ ကော်မရှင်နာမှ လုပ်ပိုင်ခွင့်မရှိဘဲ သက်သေခံ-က အဖြစ်လက်ခံကြောင်း၊ တရားမကျင့်ထုံး ဥပဒေအမိန့် ၂၆၊ နည်းဥပဒေ ၁၁၊ ၁၂ ပါပြဋ္ဌာန်းချက်ကို အမိန့် ၂၀၊ နည်းဥပဒေ ၁၃ (၁) နှင့် ရောထွေး၍ တင်ပြနေခြင်းဖြစ်ကြောင်း ၁၉-၈-၂၀၁၂ ရက်စွဲပါစာချုပ်မှာ တံဆိပ်ခွန် ၁၀ ကျပ်သာထမ်းဆောင်၍ ၅၉၀ ကျပ် လျော့နည်းနေကြောင်း၊ ထိုစာချုပ်သည် မှတ်ပုံတင်ရန်လိုအပ်သည့်အပြင် စာချုပ်ပါအချက်ကို တရားပြိုင်များက ဝန်ခံမထားကြောင်း၊ တရားရုံးက စာချုပ်ပါအချက်များကို အမှန်ဟုမဆုံးဖြတ်သမျှ သက်သေခံမဝင်ကြောင်း၊ တရားလို စွဲဆိုသောအမှုသည် အမွေမှုဖြစ်ပြီး ပစ္စည်းခွဲဝေပေးစေလိုမှု မဟုတ်ကြောင်း၊ တရားရုံးသည် သက်သေခံချက်များရယူခြင်းနှင့် ငြင်းချက်များ၊ ပြဿနာများဆုံးဖြတ်စေရန် တရားစီရင်ရေးဆိုင်ရာ အာဏာများကို ကော်မရှင်နာအား လွှဲအပ်ခြင်းမပြုနိုင်ကြောင်း၊ တရားလွှတ်တော်၏ သုံးသပ်ချက်မှန်ကန်ကြောင်း၊ ပြင်ဆင်မှုကို ပလပ်သင့်ကြောင်း လျှောက်ထားသည်။

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က ပဏာမဒီကရီချမှတ်ပြီးနောက် တရားမကျင့်ထုံးဥပဒေအမိန့် ၂၆၊ နည်းဥပဒေ ၉၊ ၁၁ တို့အရ ပစ္စည်းစာရင်းကောက်ယူရန် ကော်မရှင်နာခန့်အပ်ခဲ့သည်။

ကော်မရှင်နာသည် အမွေပစ္စည်းမည်မျှကျန်ရစ်သည်ကို စာရင်းကောက်ယူ၍ တရားရုံးသို့တင်ပြရန်ဖြစ်သည်။ အမွေပစ္စည်းနှင့်စပ်လျဉ်း၍ ကော်မရှင်နာမှ တရားလိုအားစစ်ဆေးစဉ် တရားလိုက ၁၉-၈-၂၀၁၂ ရက်စွဲပါ ကတိစာချုပ်ကို တင်သွင်းသည်။ တရားပြိုင်ဘက်မှ ကန့်ကွက်သဖြင့် နှစ်ဘက်တင်ပြချက်ကိုကြားနာပြီး သက်သေခံ-က အဖြစ်လက်ခံကြောင်း အမိန့်ချမှတ်ခဲ့ခြင်းဟု တွေ့ရှိရသည်။

၂၀၁၆
ဦးဝင်းအောင်သန်း
နှင့်
ဒေါ်ချိုချိုသန်း ပါ ၂

ကော်မရှင်နာသည် ပစ္စည်းစာရင်းကောက်ယူရာ၌ စာရွက်စာတမ်းများ သက်သေခံအဖြစ်တင်ပြခြင်းအပေါ် အငြင်းပွားမှုမရှိလျှင် တရားရုံးသို့တင်ပြရန် လိုအပ်ခြင်းမရှိသော်လည်း အငြင်းပွားမှုရှိပါက အဆုံးအဖြတ်ပြုရန် တရားရုံးသို့ တင်ပြရမည်ဖြစ်သည်။ ထိုသို့မတင်ပြဘဲ သက်သေခံ-က အဖြစ် လက်ခံခဲ့ခြင်းသည် လုပ်ပိုင်ခွင့်မရှိဘဲ ဆောင်ရွက်ခြင်းဖြစ်သည်ဟု တရားလွှတ်တော်၏ သုံးသပ်ချက်သည် မှားယွင်းသည်ဟု မဆိုနိုင်ပေ။

ကော်မရှင်နာရှေ့တွင် သက်သေခံအဖြစ်တင်သွင်းရန် အငြင်းပွားနေသောစာချုပ်အတွက် တရားရုံးသို့ တင်ပြရန်ဖြစ်လျက် တင်ပြခြင်းမပြုဘဲ ကော်မရှင်နာမှ သက်သေခံ-ကအဖြစ် လက်ခံခဲ့ခြင်းကြောင့် တရားပြိုင်က တရားရုံးသို့ ထိုကိစ္စကိုတင်ပြခဲ့သည်။ ထိုသို့တင်ပြ၍ တရားရုံးက ၃၀-၃-၂၀၁၅ နေ့တွင် နှစ်ဘက်ကြားနာပြီး အမိန့်ချခဲ့ခြင်း ဖြစ်သည်။ သို့ဖြစ်ရာ ကော်မရှင်နာရှေ့ အငြင်းပွားမှုသည် တရားရုံးရှေ့ ရောက်ရှိတင်ပြပြီးဖြစ်၍ တရားရုံးသည်

ထိုစာချုပ်နှင့်စပ်လျဉ်း၍ သက်သေခံအဖြစ် လက်ခံသင့် မသင့် စိစစ်အမိန့်ချရမည်ဖြစ်သည်။

တရားလွှတ်တော်က ၁၉-၈-၂၀၁၂ ရက်စွဲပါစာချုပ်သည် တန်ဖိုးငွေတစ်ရာကျော်သော မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို ခွဲခြမ်းစိတ်ဖြာသည့်စာချုပ်ဖြစ်၍ မလွဲမသွေမှတ်ပုံတင်ရမည်ဖြစ်ကြောင်း၊ မှတ်ပုံတင်မထား၍ သက်သေခံအဖြစ် လက်ခံခွင့်မရှိကြောင်း၊ ကော်မရှင်နာသည် အခွင့်အာဏာမဲ့ ဆောင်ရွက်ခြင်းဖြစ်ကြောင်းသုံးသပ်၍ သက်သေခံ-ကကို ပယ်ဖျက်ခဲ့ခြင်းဖြစ်သည်။

သက်သေခံ-က စာချုပ်ကို စိစစ်သည့်အခါ တရားလွှတ်တော်က သုံးသပ်သကဲ့သို့ ၁၉-၈-၂၀၁၂ ရက်စွဲပါ စာချုပ်သည် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို ခွဲခြမ်းစိတ်ဖြာသည့် စာချုပ်မဟုတ်ကြောင်းတွေ့ရသည်။ စာချုပ်၏ခေါင်းစီးတွင် ကွယ်လွန်ပြီးဖြစ်သောမိဘများ၏ ပိုင်ဆိုင်သောပစ္စည်းများအားလုံးကို ယနေ့လက်ရှိတန်ဖိုးများနှင့်အညီ သားသမီး ၃ ဦးက အညီအမျှခွဲယူရေးသဘောတူကတိစာချုပ်ဟု ဖော်ပြထားသည်။ ထိုစာချုပ်၏စာကိုယ်၌ တရားလို၊ တရားပြိုင် များ၏ မိဘများဖြစ်ကြသော ဦးစိုးသန်း၊ ဒေါ်အေးအေးမြင့်တို့ ပိုင်ဆိုင်သော မြေနှင့်အိမ် ၁၀ မျိုးကိုဖော်ပြထားပြီး ထိုပစ္စည်းများကို ကာလတန်ဖိုးနှင့်အညီ ၃ လအတွင်းခွဲယူရန် ၃ ဦးသဘောတူချုပ်ဆိုသည်ဟု ဖော်ပြပါရှိသည်။ စာချုပ်သည် အမွေပစ္စည်းနှင့်စပ်လျဉ်း၍ စပ်ဆိုင်သောအချက်ရှိနေသည့်အပြင် ကတိစာချုပ်သာဖြစ်၍ မလွဲမသွေ မှတ်ပုံတင်ရန်လည်း လိုအပ်ခြင်းမရှိပေ။ ထိုစာချုပ်သည် အမွေပစ္စည်းနှင့်စပ်လျဉ်း၍

စပ်ဆိုင်သည့်အပြင် စာချုပ်စာတမ်းများမှတ်ပုံတင်အက်ဥပဒေအရ မလွဲမသွေမှတ်ပုံတင်ရမည့် စာချုပ်မဟုတ်၍ သက်သေခံအဖြစ် လက်ခံသင့်လျက် တန်ဖိုးကျပ် ၁၀၀ အထက် မရွှေ့မပြောင်းနိုင်သော ပစ္စည်းခွဲခြမ်းစိတ်ဖြာသော စာချုပ်ဖြစ်ကြောင်း ကောက်ယူ၍ သက်သေခံအဖြစ် လက်မခံခဲ့သည့် တိုင်းဒေသကြီးတရားလွှတ်တော်၏ အမိန့်သည် မှန်ကန်သည်ဟု ဆိုနိုင်မည်မဟုတ်ချေ။

သို့ဖြစ်ရာ တိုင်းဒေသကြီးတရားလွှတ်တော်က ကော်မရှင်နာရှေ့ အငြင်းပွားသောစာချုပ်ကို သက်သေခံအဖြစ် လက်ခံသင့်မသင့်ကိစ္စကို ဥပဒေနှင့်အညီ ဆင်ခြင်သုံးသပ်ရန်ပျက်ကွက်ခြင်းသည် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁၅ (ဂ) ပြဋ္ဌာန်းချက်များကို ငြိစွန်းနေကြောင်းတွေ့ရှိရသဖြင့် ဤရုံးမှ ဝင်ရောက်စွက်ဖက်ပြင်ဆင်တည့်မတ်ရန်ဖြစ်သည်။

ထို့ကြောင့် ဤပြင်ဆင်မှုကို ခွင့်ပြုသည်။ ရန်ကုန် တိုင်းဒေသကြီးတရားလွှတ်တော်၏ ၂၇. ၄. ၂၀၁၅ ရက်စွဲပါ အမိန့်ကိုပယ်ဖျက်လိုက်ပြီး ၁၉. ၈. ၂၀၁၂ ရက်စွဲပါစာချုပ်ကို သက်သေခံအဖြစ် လက်ခံဆောင်ရွက်သွားရန် စရိတ်နှင့်တကွ အမိန့်ချမှတ်လိုက်သည်။

ရှေ့နေစရိတ်ကျပ် ၁၀၀၀၀/- သတ်မှတ်သည်။